## ယာဉ်မောင်းလိုင်စင်အတုပြုလုပ်မှုအား ဖမ်းဆီးရရှိခြင်း

၁။ ၂၀၁၇ ခုနှစ်၊ မေလ ၂၈ ရက်၊ (၁၈:၅၄)နာရီအချိန်၌ လူမှုကွန်ယက် စာမျက်နှာ (Facebook) ပေါ်တွင် Thi Ha Account အမည်ဖြင့် ယာဉ်မောင်းလိုင်စင် ပြုလုပ်လိုသူများ ဆက်သွယ်နိုင်ကြောင်းကို အောက်ပါ အကြောင်းအရာများ ဖော်ပြ၍ ကြော်ငြာခဲ့ပါသည် -

(က) မီးထိုးခံ၊ ဘားကုတ်မှန်

(ခ) (ခ, ဃ, င) ဈေးနှုန်း ၁၅၀၀၀၀ကျပ်

(ဂ) Ph. 09950122077 (Viber)

၂။ အဆိုပါကြော်ငြာထားရှိသည့်ဖုန်းအမှတ် (၀၉၉၅၀၁၂၂၀၇၇)သို့ အသွင်ယူ ဆက်သွယ်ခဲ့ပြီး ကြိုတင်ငွေပေးရန်အတွက် (၃.၆.၂၀၁၇)ရက်နေ့၊ နေ့လည်(၁၃:၀၀)နာရီအချိန်၌ လှော်ကားဆိုင် တစ်ဆိုင်တွင် ချိန်းဆို၍ ငွေစက္ကူနံပါတ်များ မှတ်သားထားသော ကြိုတင်ငွေ ကျပ်၅၀၀၀၀ အား Thi Ha Account ပိုင်ရှင်ထံသို့ ပေးအပ်ခဲ့ပါသည်။

၃။ Thi Ha Account ပိုင်ရှင်မှ ၎င်းတို့အနေဖြင့်(၁)စောင်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးနေသော ယာဉ်မောင်းလိုင်စင်သည် အတုဖြစ်သောကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်တမ်းမရှိ၊ သက်တမ်းတိုး၍မရကြောင်း၊ သတ်မှတ်နှစ်ကာလအထိသာ အသုံးပြု၍ရနိုင်ကြောင်းနှင့် လိုင်စင်အစစ်ကဲ့သို့ပင် မီးထိုးကြည့်ပါကမြင်နိုင်သော အချက်အလက်များအား ထည့်သွင်းတုပထားကြောင်း နမူနာယာဉ်မောင်းလိုင်စင်များအားပြသခဲ့ပါသည်။

၄။ ထို့နောက် (၈.၆.၂၀၁၇)ရက်တွင်လိုင်စင်ရရှိပြီဖြစ်ကြောင်း ဆက်သွယ်လာခဲ့သဖြင့် (၁၂:၃၀) အချိန်၌ လှော်ကားဆိုင်တစ်ဆိုင်တွင် တွေ့ဆုံ၍ ငွေစက္ကူနံပါတ်များ မှတ်သားထားသည့် ငွေ ၁၀၀၀၀၀ ကျပ်အား ထပ်မံပေးအပ်ခဲ့ရာ “င” ယာဉ်မောင်းလိုင်စင် အတု(၁)စောင်အား လက်ခံရရှိခဲ့ပါသည်။

၅။ ယာဉ်မောင်းလိုင်စင်အတုအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ မှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ပြီး(၁၉.၆.၂၀၁၇)ရက်တွင် သက်သေခံပစ္စည်းများနှင့်အတူ အမှတ်(၉)၊ မြို့မရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် (ပ)၃၆၈/၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀/၄၆၈ ဖြင့် ကနဦး အမှုဖွင့်လှစ်ဆောင်ရွက်ထားပါသည်။

၆။ (၁၉.၆.၂၀၁၇)ရက် ညနေတွင် Thi Ha Account ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပြီး ယာဉ်မောင်းလိုင်စင်(၁)စောင် ပြုလုပ်လိုကြောင်း ထပ်မံအသွင်ယူ၍ ကြိုတင်ငွေပေးချေရန်အတွက် လှော်ကားဆိုင် တစ်ဆိုင်၌ ချိန်းဆို၍ တွေ့ဆုံခဲ့ပါသည်။ ၎င်းနှင့်တွေ့ဆုံနေစဉ် ညနေ(၁၈:၄၅)အချိန်တွင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး တရားခံ Thi Ha Account ပိုင်ရှင် ဦးမိုးသီဟကျော်၊ ၂၈နှစ်၊ အဖ - ဦးသိန်းထွန်း၊ ကျောက်ကား လုပ်ငန်း၊ ကျောက်မီးရှာ၊ ပုသိမ်ကြီး မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပါသည်။

၇။ ဖမ်းဆီးရမိတရားခံနှင့် ဆက်စပ်၍ ယာဉ်မောင်းလိုင်စင်အတု၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အတု၊ ယာဉ်မှတ်ပုံတင်စာအုပ်အတုနှင့် ဖောင်းကြွနံပါတ်ပြားအတုများပါ ဆက်လက်ဖော်ထုတ်နိုင်ရေးအတွက် အမှုစစ်ရဲအရာရှိနှင့်အဖွဲ့မှ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အတုပြုလုပ်သည်ကို အားမပေးပါရန်နှင့် သိရှိပါကလည်း နိုင်ငံကြီးသားပီသစွာဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ် အသိပေးပါရန် မေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

1 79% 1:17 p.m.

You're in Data Mode ? Go to Free

← Posts

**Thi Ha ▶ without ကားနှင့် ဆိုင်ကယ်ရောင်းဝယ်ရေး MDY**

28 May at 8:54a.m. ·

...................မီးထိုးခံ၊ဘားကုတ်မှန်...........................
ယာဥ်မောင်းလိုင်စင်ပြုလုပ်လိုသူများဆက်သွယ်နိုင်ပါပြီ။
(ခ.ဃ.င) ဈေးနှုန်း 150000
Ph 09950122077 (Viber)



Thi Ha Account ဖြင့် ဆောင်ရွက်၍ ရရှိခဲ့သည့် 'င' ယာဉ်မောင်းလိုင်စင်အတု



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

Myanmar Driving Licence

အမှတ် - ဧ/၀၀၀၉၂/၁၇
No. - E/00092/17
အမည် - ကျော်မင်းသူ
Name - KYAW MIN THU
မှတ်ပုံတင်အမှတ် - ၉/ရမသ(နိုင်)၁၀၁၁၀၀
N.R.C No. - 9/YAMATHA(N)101100
မွေးသက္ကရာဇ် - ၇-၁၀-၁၉၈၂
Date of Birth - 7-10-1982
သွေးအမျိုးအစား - အို
Blood Type - O
ကုန်ဆုံးရက် - ၇-၄-၂၀၂၀
Valid up to - 7-4-2020

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)



တင်ထုတ်ပေးသည့်နှစ် - ၂၀၁၀ Issued Year- 2010

Road Transport Administration Department

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မောင်းနှင်ခွင့်ရှိသည်
This Driving Licence is permitted to Drive in Myanmar Nationwide.

| ခွင့်ပြုလိုင်စင် Licence Class | မောင်းနှင်ခွင့်ရှိသည့်ယာဉ် Vehicle Class |
|---|---|
| C | မှတ်ပုံတင်ထားသော မည်သည့်မော်တော်ယာဉ်ကိုမဆို မောင်းနှင်ခွင့်ရှိသည်။ |
| E | All Sorts of Registered Vehicle |

M5 048994

လိပ်စာ - ပုသိမ်ကြီး
Address - PATHINGYI, TSP